# ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့်ဖက်ဒရယ် ဒီမိုကရေစီကိုအခြေခံ၍ ဦးတည်လုပ်ဆောင်သွားမည်ဟု WLB ပြော

Published March 22, 2017

အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)
Women's League of Burma

**မတ် ၂၂ ရက်၊ ၂၀၁၇ ခုနှစ်။ စအိုင်ဆူး**

ငြိမ်ချမ်းရေး၊ တရားမျှတရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပေါ်ထွန်းရေးအပေါ်အခြေခံသည့် ရှေ့လုပ်ငန်းစဉ်များကို အဓိက ဦး တည်လုပ်ဆောင်သွားရန် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် မတ်လ ၁၆ ရက်မှ ၁၈ ရက်နေ့အထိ ပြုလုပ်သည့် နဝမအကြိမ် အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)-WLB ၏ ညီလာခံတွင်ဆုံးဖြတ်ခဲ့သည်ဟု WLB၏ တွဲဖက် အထွေထွေအတွင်းရေးမှူး-၁ နော်ဆဲဆဲက ကေအိုင်စီသို့ ပြောသည်။

"အခုကျမတို့လုပ်ဆောင်သွားမဲ့အရာတွေက WLB ရဲ့ Vision၊ Mission လုပ်သွားမှာဖြစ်တယ်။ ကျမတို့ အမျိုးသမီးတွေ ခံ စားနေရတဲ့ တရားမျှတမှု လက်လှမ်းမမီသေးတာ၊ ကျား/မတန်း တူညီမျှမှု မရရှိနေသေးတဲ့အပေါ်မှာ ကျမတို့ရှေ့ဆက်လုပ် ဆောင်သွားဖို့ရှိတယ်။ နောက်ပြီး နိုင်ငံရေးအရ ဆက်သွားမဲ့ ဖက်ဒရယ် ဒီမိုကရေစီအပေါ်မှာလည်း ကျမတို့အမျိုးသမီးတွေ တစ်ထောင့်တစ်နေရာမှာပါဝင်ဖို့ ကျမတို့ရှေ့ လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းအောင်ဆက်လုပ်တာဖြစ်တယ်။ " ဟု သူမက ယနေ့ မတ်လ ၂၂ ရက်နေ့တွင် ပြောသည်။

၎င်းအပြင် လာမည့် ၂ နှစ်သက်တမ်းကာလတွင် ကျား/မပိုင်းဆိုင်ရာမူဝါဒ၊ ကလေးသူငယ်ဆိုင်ရာမူဝါဒ၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့်မူဝါဒများကိုချမှတ်ခဲ့ပြီး လက်ရှိနိုင်ငံရေးဖြစ်စဉ်တွင်သွားနေသည့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ကဏ္ဍကြီး ၅ ခု အပေါ်တွင်အခြေခံပြီး မူဝါဒများချမှတ်သွားမည်ဖြစ်ကာ အမျိုးသမီးခေါင်းဆောင် မှု၊ နိုင်ငံရေးစွမ်းရည် မြှင့်တင်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်အနေဖြင့် များစွာလုပ်ဆောင်သွားရန်ရှိသည်ဟုလည်း နော်ဆဲဆဲက ဆက်ပြောသည်။

သုံးရက်တာပြုလုပ်သည့် အဆိုပါ ညီလာခံသို့ WLB အဖွဲ့ဝင် ကိုယ်စားလှယ်များ၊ အကြံပေးအဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လုပ်ငန်းစဉ်တာဝန်ခံများနှင့် လေ့လာသူများ စုစုပေါင်း (၆၇)ဦး တက်ရောက်ခဲ့ပြီး အဌမအကြိမ်ညီလာခံ၏ သက်တမ်း ၂ နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ပြန်လည်သုံးသပ်ခြင်း၊ ဖွဲ့စည်းပုံအားပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ခြင်း၊ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးဆွေးနွေးမှုများ၊

ပြည်တွင်းစစ်များ ဆက်လက်ဖြစ်ပေါ်နေမှု အခြေအနေ၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချမှုတွင် ပါဝင်ရမှု အနေအထားတို့ကို ဆွေးနွေးသုံးသပ်ခဲ့သည်ဟု WLB က ဆိုသည်။

ထို့နောက် ယင်းညီလာခံ၌ ချမှတ်ခဲ့သည့် မူဝါဒများကို ဦးဆောင်သွားမည့် မူဝါဒရေးရာဦးဆောင်ကော်မတီအဖွဲ့ဝင် ၁၃ ဦးကို ရွေးချယ်တာဝန်ပေးခဲ့ပြီး အဖွဲ့ဝင်ကိုယ်စားလှယ် တစ်ဦးစီဖြင့်ဖွဲ့စည်းခဲ့သည့်အပြင် ရေ့လုပ်ငန်းစဉ်များကို အဓိက တာဝန်ယူ ဆောင်ရွက်သွားမည့် အတွင်းရေးမှူးအဖွဲ့ဝင် သုံးဦးကိုလည်း ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့သည်။

WLB ၏ ညီလာခံအပြီး မတ် ၂၀ ရက်နေ့စွဲဖြင့် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ ယခင်အစိုးရမှ လက်ရှိ အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်-NLD အစိုးရ လက်ထက်အထိ ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်၌ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင် စွာဖြစ်ထွန်းနိုင်ရေးနှင့် အားလုံးပါဝင်ရေးအပေါ် အာမခံနိုင်မှုမရှိခြင်းကြောင့် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး မိခင်များ၊ ကိုယ်ဝန်ဆောင်များအပါအဝင် အမျိုးသမီးအများစုပါဝင်သည့် စစ်ဘေးရှောင်များ ပိုမိုများပြားလာခြင်းတို့မှာ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် စိန်ခေါ်လျက်ရှိနေသည်ဟု ထောက်ပြပြောဆိုသည်။

ထို့အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကပါဝင်သည့် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ အား တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သည့် စစ်ပြေငြိမ်းရေးနှင့် ပဋိပက္ခလျှော့ချနိုင်ရေးဦးတည်သည့် အခြေခံအဆင့် များမှတစ်ဆင့် အာမခံချက်ရှိသည့် နိုင်ငံရေးဆွေးနွေးပွဲများ အားကောင်းစွာ စတင်နိုင်ရန်နှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တိုင်းတွင် အမျိုးသမီးများ အဓိပ္ပာယ်ပြည့်ဝစွာပါဝင်နိုင်ရေး အလေးအနက်ဆောင်ရွက်ရန်လည်း WLBက တိုက်တွန်းထားသည်။

အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)သည် ငြိမ်းချမ်း၍ တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းသို့ ရှေးရှု၍ အမျိုးသမီးများ ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးကို ရည်ရွယ်၍ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနယ်စပ် အခြေစိုက် မြန်မာနိုင်ငံမှ တိုင်းရင်းသူအမျိုးသမီးအဖွဲ့ ၁၂ ဖွဲ့ဖြင့် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ လက်ရှိ အဖွဲ့ဝင်အဖွဲ့အ စည်းပေါင်း ၁၃ ဖွဲ့ရှိသည်ဟု သိရသည်။